0 နေရေးထိုင်ရေ ထိပ်သို့

# 3 နေထိုင်စားသောက်ရေးအတွက် အခြေခံဝန်ဆောင်မှုများ

ဂျပန်နိုင်ငံ၏သယ်ယူပို့ဆောင်ရေးမှာ မီးရထား၊ ဘတ်စ်ကား၊ တက္ကစီစသည့်များရှိသည်။ ဂျပန်နိုင်ငံအတွင်း ဒေသအလိုက် မီးရထား၊ ဘတ်စ်ကား လက်မှတ်ဝယ်ပုံဝယ်နည်း၊ စီးပုံစီးနည်းစသည့်များသည် ကွာခြားချက်များရှိတတ်သည်။ သင့်နေထိုင်နေသည့် ဒေသ၏ လုပ်ထုံးလုပ်နည်းကို သေသေချာချာလေ့လာ၍ မျက်စိမလည်အောင်လုပ်ထားပါ။

## 3−5 မီးရထား

### (1) မီးရထားအမျိုးအစား

မီးရထားမှာ JRကုမ္ပဏီက ဝန်ဆောင်မှုပေးသည့် JRလိုင်းအပြင် ခရိုင်နှင့်မြို့နယ်က ဝန်ဆောင်မှုပေးသည့် မီးရထားလိုင်း၊ ပုဂ္ဂလိကမီးရထားကုမ္ပဏီက ဝန်ဆောင်မှုပေးသည့် ပုဂ္ဂလိကမီးရထားလိုင်းစသည့်များရှိသည်။ ထို့ပြင် မြေအောက်ရထား၊ Monorail၊ ကားရထား စသည့် အမျိုးမျိုးရှိသည်။

မီးရထားသည် အမြန်နှုန်းမြန်သည့်အစဉ်အလိုက် "Shinkansen(ကျည်ဆန်ရထား)"၊ "Tokkyu(အထူးအမြန်)" " Kyuko (အမြန်)" "Kaisoku (အမြန်) " "Futsu(ရိုးရိုး) "ဖြစ်ပြီး၊ ရိုးရိုးမှလွဲပြီး အခြားရထားသည် ဘူတာတိုင်း မရပ်သောကြောင့် မီးရထားလိုင်းပြမြေပုံစသည့်များဖြင့် ရပ်မည့်ဘူတာကို သေချာမှတ်ယူကာ ကျင့်သားရအောင် လုပ်ထားပါ။

※ဒေသနှင့်လိုင်းအပေါ်မူတည်၍ "Tsukinkaisoku" "Kaisoku Tokkyu" "Jyunkyu" စသည့်များရှိပြီး ရပ်မည့်ဘူတာနှင့် အမြန်နှုန်း ကွာခြားသည်။

**Tokaido Shinkansenလိုင်းမှာ Nozomi ၊ Hikari ၊ Kodama၏ ရပ်မည့်ဘူတာများကွာခြားနေခြင်းပြပုံ (ဥပမာ Tokyo – Shinosaka ကြား)**




ဘူတာအနည်းငယ်သာရပ်သောကြောင့်၊ Tokyoမှ Shinosakaအထိ၂နာရီခွဲခန့်ဖြင့်သွားသည်။

Nozomiထက်ရပ်မည့်ဘူတာများသော်လည်း Tokyoမှ Shinosakaအထိ၃နာရီခန့်ဖြင့်သွားသည်။

Tokaido Shinkansenဘူတာ ၁၇ခုစလုံးမှာ ရပ်သည်။ Tokyoမှ Shinosakaအထိ၄နာရီခန့်ဖြင့်သွားသည်။

### JRလိုင်းနှင့် ပုဂ္ဂလိကမီးရထားလိုင်း၏ ရပ်မည့်ဘူတာ




### (2) မီးရထားလိုင်းပြမြေပုံဖြင့် သေချာအောင်လုပ်ထားပါ။

မီးရထားစီးသည့်အခါ လက်မှတ်ရောင်းစက်များအပေါ်တင်ထားသည့် လိုင်းပြမြေပုံကို ကြည့်ကာ ဘူတာ၏အမည်နှင့် ရထားစီးခကိုစုံစမ်းပါ။ JRလိုင်းမှာ တိုကျိုဘက်သို့သွားသည့်ရထားကို "Nobori" (အဆန်) ဟုခေါ်ကာ တိုကျိုမှထွက်သည့်ရထားကို "Kudari" (အစုန်) ဟုခေါ်သည်။မြို့ပတ်ရထားမှာ "Sotomawari" (အပြင်ပတ်) "Uchimawari" (အတွင်းပတ်) ရထားဟုခေါ်သည်။

### (3) ရထားခ

ရထားစီးသည့်အခါ သွားမည့်အကွာအဝေးပေါ်မူတည်၍ ရထားခ(futsu unchin)ပေးဆောင်ရမည်။ JRလိုင်းမှာ Shinkansen၊ Tokkyu၊ Kyuko စီးရန် ရထားခအပြင် အမြန်ရထားခ (tokkyu ryokan (သို့) kyuko ryokin ဟုခေါ်သည်။) ပေးဆောင်ရမည်။ ညအိပ်ရထားအတွက် ညအိပ်ရထားခ၊ ထိုင်ခုံသတ်မှတ်လူစီးတွဲအတွက် ထိုင်ခုံလက်မှတ်ခ ထပ်ပေးဆောင်ရမည်။

ကလေးခ(အသက်၁၂နှစ်အောက်)သည် လူကြီးခ၏တစ်ဝက်ဖြစ်ပါသည်။ အသက်၆နှစ်အောက်ကလေးသည် လူကြီးနှင့်အတူတူစီးပါက နှစ်ယောက်ထိ အခမဲ့စီးနိုင်ပါသည်။ တတိယမြောက်ကလေးအတွက် လူကြီးနှုန်း၏တစ်ဝက်ပေးဆောင်ရမည်။

### (4) ရထားလက်မှတ်ဝယ်ခြင်း

ရထားလက်မှတ်သည် လက်မှတ်ရောင်းစက်တွင် ဝယ်နိုင်သည်။ ဘူတာ၏ကောင်တာမှာလည်း သွားမည့်ဘူတာအမည်ကို ပြောကာဝယ်နိုင်သည်။ လက်မှတ်ရောင်းစက် ကိုင်တွယ်ရန် မကျွမ်းကျင်ပါက ကောင်တာမှာဝယ်ခြင်းသည်

ပို၍စိတ်ချရသည်။

ရထားခသည့် သာမန်ရထားခအပြင် အောက်ပါ အမျိုးအစားများရှိသည်။

| | |
|---|---|
| **လပေးလက်မှတ်** | ကျောင်းတက်လက်မှတ်နှင့်ရုံးတက်လက်မှတ်ရှိသည်။ ၁လ ၊ ၃လ ၊ ၆လ ၊ ၁နှစ် စသည့်ကာလအတိုင်းအတာဖြင့်ဝယ်နိုင်သည်။ |
| **အတွဲလိုက်လက်မှတ်** | ဘူတာနှစ်ခုကြားအတွက် ရထားခကို ယေဘုယျအားဖြင့် ရထားလက်မှတ်၁၀စောင်ဖိုးဖြင့် လက်မှတ် ၁၁စောင်ဝယ်ယူနိုင်၍ လက်မှတ်တစ်စောင်စာ သက်သာသည်။ |
| **အသွားအပြန်လက်မှတ်** | အသွားနှင့်အပြန်လက်မှတ်နှစ်စောင်ပါသည်။ စျေးသက်သာသည့်အခါလည်းရှိသည်။ |
| **တစ်နေ့တာလက်မှတ်** | သတ်မှတ်ထားသည့်နယ်မြေတွင်း အသွားအပြန်လုပ်သည့်အပြင် အကြိမ်အခါခါ တက်လိုက်ဆင်းလိုက်လုပ်နိုင်သည့် လက်မှတ်ဖြစ်သည်။ စျေးသက်သာသည်။ |
| **ICကတ်ပြား** | Suica (JR Higashi Nihon） TOICA (JR Tokai） ICOCA (JR Nishi Nihon) PASMO ( တိုကျိုမြို့အနီးတဝိုက်ရှိ မီးရထားနှင့်ဘတ်စ်ကားအတွက်သုံးနိုင်သည်။)။ ကြိုတင်ငွေဆောင်ထားသည့် pre paid နှင့် စီးပြီးမှငွေရှင်းသည့် post paid စနစ်ရှိသည်။ |

**(5) လက်မှတ်စစ်စက်**

လက်မှတ်စစ်စက်မှ ဘူတာထဲသို့ဝင်မည့်ဆိုလျှင် စက်ကို ဖြတ်သွားသည့်အခါ စက်ထဲသို့လက်မှတ်ကိုထည့်လျှင် အခြားတစ်ဖက်မှ လက်မှတ်ထွက်လာသည်။ ထွက်လာသည့်လက်မှတ်ကို မမေ့အောင်ယူသွားပါ။ လက်မှတ်စစ်စက်ကို ဖြတ်ပြီး ဘူတာမှ ထွက်မည့်အခါ လက်မှတ်ပြန်မထွက်လာသောကြောင့် ဒီတိုင်းထွက်လာနိုင်သည်။

လက်မှတ်စစ်စက်မရှိပါက လက်မှတ်ပေါ် တံဆိပ်ရိုက်ခြင်းခံကာ ရထားစီးမည်။